လှည်းဆိပ်ကျေးရွာ
ပန်းတနော်မြို့နယ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းမှတ်တမ်း
(၂၀၂၂-၂၀၂၇)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
လှည်းဆိပ်ကျေးရွာ၊ပန်းတနော်မြို့နယ်
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၂ခုနှစ်၊စက်တင်ဘာလ

မာတိကာ

စဉ် အကြောင်းအရာ

စကားချီး ၃

လှည်းဆိပ်ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ရာသီခွန်ပြပုံ၊ အဖွဲ့အစည်းပြပုံ၊ ပန်းတနော်မြို့ ၃

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား ၆

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၆

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၇

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ ၇

(က) သီးနှံ စိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၉

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာ မီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

၆။ ပညာရေး ၁၀

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ၁၁

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၁

၉။ ကျား– မ ရေးရာ ကိစ္စရပ်ဆိုင်ရာ ၁၂

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ ၁၈

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

နောက်ဆက်တွဲ(၄) နှစ်အလိုက်စီမံချက်များစာရင်း

နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ(၁)

စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ဓနေဝ်ကျေးရွာ၏ ကျေးရွာသူ/ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော သတင်း အချက်အလက်များနှင့် အကြံဉာဏ် များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ပန်းတနော် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလ များက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည် သိရှိခဲ့ ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင် သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်း

တိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပန်းတနော်မြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည် ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

စက်တင်ဘာလ၊ ၂၀၂၂ ခုနှစ်
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
လှည်းဆိပ်ကျေးရွာ
ပန်းတနော်မြို့နယ်

ဂ.ဂ.၂၀၂၂

ရန်းကရက်မြို့နယ် ဘဝိုဇေးအုပ်စု ၊ မှဉ်းဆိပ်ကျေးရွာ တည်နေရာပြဖြေပုံ





ရည်ညွှန်းချက်

ကားလမ်း

မြေသားလမ်း

လူနေအိမ်

စာသင်ကျောင်း

ဘုရားရှိခိုးကျောင်း

စေတီ

ဘုန်းကြီးကျောင်း

သုသာန်

လယ်ကွင်း

ဥယျာဉ်

လှည်းဆိပ်ကျေးရွာ ၊ ရာသီခွင်ပြ ပြက္ခဒိန်



ဘဝိုင်းကျေးရွာအုပ်စု၊လှည်းဆိပ်ကျေးရွာ၏
ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများ တည်ရှိမှုပုံစံပြ(Venn Diagram)



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပန်းတနော်မြို့နယ်သည် မြန်မာနိုင်ငံ၏ အောက်ပိုင်းတွင်တည်ရှိ၍ ဧရာဝတီတိုင်း ဒေသကြီး၊ မအူပင်ခရိုင်တွင် တည်ရှိပါသည်။ ပန်းတနော်မြို့နယ်သည် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၈ မိနစ်နှင့် ၁၇ဒီဂရီ ၂၃ မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၈ မိနစ်နှင့် ၉၅ ဒီဂရီ ၅၃ မိနစ်ကြားတွင် တည်ရှိပြီး အကျယ်အဝန်းမှာ (၄၉၈.၅၂) စတုရန်းမိုင်ကျယ်ဝန်း ပါသည်။ အရှေ့မှ အနောက်သို့(၁၇) မိုင်ရှိပြီး တောင်မှ မြောက်သို့(၂၇)မိုင်ရှည်လျားပါသည်။

ပန်းတနော်မြို့နယ်သည် အရှေ့ဘက်တွင် ညောင်တုန်းမြို့နယ်နှင့် မအူပင်မြို့ နယ်၊ အနောက်ဘက်တွင် အိမ်မဲမြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်၊ တောင်ဘက်တွင် ဝါးခယ်မ မြို့နယ်၊ မြောက်ဘက်တွင် ဓနုဖြူမြို့နယ်နှင့် ကျုံပျော်မြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ် လျက်ရှိပါသည်။

လှည်းဆိပ်ကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ ဘဝိုင်း ကျေးရွာအုပ်စုတွင် ပါဝင်ပါသည်။ ပန်းတနော်မြို့နယ်နှင့် (၃) မိုင် ကွာဝေးပါသည်။ ပတ်ဝန်းကျင် ကျေးရွာများမှာ ကဇင်းငူကျေးရွာ၊ ပျဉ်းမကုန်းကျေးရွာနှင့် ညောင်ပင်သာကျေးရွာတို့ ဖြစ်ပါသည်။ လှည်းဆိပ်ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်း အဓိက လုပ်ကိုင်သော ဒေသ တစ်ခုလည်း ဖြစ်သည်။ အခြား လုပ်ငန်း များကိုလည်း အနည်းငယ် လုပ်ကိုင်သော ဒေသတစ်ခုလည်း ဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ပန်းတနော်မြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှု များသော ဒေသဖြစ်ပါသည်။ ပန်းတနော်မြို့နယ်သည် သမမျှတသောရာသီဥတုရှိပြီး အမြင့်ဆုံး အပူချိန် ၂၉.၂၂°C ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ဇန်နဝါရီလတွင် ၂၃.၉၇°C ဖြစ်ပါသည်။ တစ်နှစ်ပျမ်းမျှ မိုးရွာရက် (၁၀၈) ရက်ရှိပြီး ပျမ်းမျှ မိုးရေချိန်မှာ (၈၈.၁၉) လက်မ ဖြစ်ပါသည်။ မိုးအများဆုံး ရွာသွန်းသောလမှာ ဇူလိုင်လနှင့် သြဂုတ်လများ ဖြစ်ပါသည်။

လှည်းဆိပ်ကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာ သဘာဝ အရင်းအမြစ်များ ထွက်ရှိမှုမှာ သဲ ကို ချောင်းမြောင်းတွင် ထုတ်ယူရရှိပါသည်။ သို့သော်လည်း ဆေးဖက်ဝင် အပင်များဖြစ်သည့် ဘုန်းမသိမ်၊ လောက်သေ၊ ပွေးကိုင်း၊ ကုန်းဗေဒါ၊ ကြိတ်မှန်ရွက်၊ ဆင်တုံးမန္တယ်နှင့် ကုလားပင်စိမ်း စသည်တို့ပေါက်ရောက်သောကြောင့် ကျန်းမာရေးအတွက် အရေးပါသော ဆေးဖက် ဝင် အပင်များ ပေါက်ရောက်သည့် ဒေသတစ်ခုလည်း ဖြစ်ပါသည်။ လယ်ယာမြေအသင့်အတင့် ရှိကြပြီး မြေပြန့် ဒေသဖြစ်ကာ မြေဆီ အသင့်အတင့်ကောင်းမွန် သည်။ တောင်သူအများစုမှာ အဝီစိတွင်းရေဖြင့် ကိုင်းမြေနှင့် လယ်မြေကေ (၂၁၈.၉)ကော **ခန့်ကို ရေသွင်း စိုက်ပျိုးနိုင်သည်။** ကျန်လယ်ကေများမှာ အင်းချောင်းရေကို အသုံးပြု၍ နွေစပါးစိုက်ပျိုးကြသည်။ **ငရုတ်၊ ပြောင်းနှင့် ပဲအမျိုးမျိုး အနည်းငယ်စိုက်ပျိုးကြသည်။**

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိ လူထုဗဟိုပြုအဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့(ကျား-၁၆)ဦး၊ ဂေါပကအဖွဲ့(ကျား -၅ဦး)၊ ပရဟိတအဖွဲ့ (ကျား-၁၀၊ မ-၅)ဦး၊လူငယ်အဖွဲ့(ကျား-၆၀၊မ-၄၀)ဦး၊ လမ်းကော်မတီ(ကျား-၅၊မ-၄)ဦး၊ မီးကော်မတီ(ကျား-၁၅)ဦး၊ အမျိုးသမီးအဖွဲ့(မ-၂၀)ဦးတို့သည် **တို့သည် ကျေးရွာ၏ သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး** ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ကျေးရွာသူ/ သားများကိုယ်တိုင် ပူးပေါင်းပါဝင် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာ ဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

၄။ စီပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီနှံ စိုက်ပျိုးရေး

လှည်းဆိပ်ကျေးရွာတွင် ၂.၅ ဧအောက် ဆင်းရဲသားတောင်သူ(၁၂၅)အိမ်ထောင်စု၊ ၂.၅ကမှ ၅ဧက ကြားရှိ တောင်သူငယ်(၆၂)အိမ်ထောင်စု၊ ၅ဧကမှ ၁၂.၅ဧကကြားရှိ တောင်သူလတ်(၁၁) အိမ်ထောင်စု၊ ၁၂.၅ ဧကအထက် တောင်သူကြီး(၃)အိမ်ထောင်စု စသည်တို့ ရှိကြသည်။ အဓိအားဖြင့် စပါး နှင့် ကွမ်းကို အဓိကထား စိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စု များသည် (၇၇)အိမ်ထောင်စုခန့်ရှိပြီး အများစုသည် နေ့စား/ကျပန်းအဖြစ် လုပ်ကိုင် စားသောက်ကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးမှာ မိုးရေနှင့် အဝီစိတွင်းရေကိုသာ အဓိကအသုံးပြု၍ စိုက်ပျိုးရေး လုပ်ငန်းကြပြီး ရေလုံလောက်စွာ ရရှိပါသည်။ ကျေးရွာရှိ စိုက်ပျိုးတောင်သူများတွင် တစ်ဦးချင်းပိုင် ထွန်စက်(၆)စီး၊လက်တွန်းထွန်စက်(၂၇)စီး၊ခွေလှေ့စက်(၂)စီး၊ ရေစုပ်စက်(၁၀၀)လုံး၊ ခြေနင်းရေတင်စက်(၈)လုံးနှင့် မြက်ရိတ်စက်(၃)လုံးရှိပြီး ၄ားရမ်းလုပ်ကိုင်သော တောင်သူများ လည်း ရှိပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့်ဓါတ်တုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားဓါတ်ဗေဒသွင်းအားစုများ၊ သီးနှံမျိုးစေ့များကိုလည်း ပန်းတနော်မြို့မစျေးတွင် ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံစျေးကွက်နှင့် ဝန်ဆောင်မှုတွင် တောင်သူကိုယ်တိုင်ဖြစ်စေ၊ ကုန်သည် ပွဲစားများမှ ဖြစ်စေ ရောင်းချနိုင်ကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် မြင်းမွေးမြူထားသည့် အိမ်ထောင်စု(၃)စုရှိပြီး မြင်းကောင်ရေ(၄)ကောင်၊ နွားမွေးမြူသူအိမ်ထောင်စု(၁)စုရှိပြီး နွား(၃)ကောင်၊ ဆိတ်မွေးမြူသူ အိမ်ထောင်စု(၃)စုရှိပြီး ဆိတ်ကောင်ရေ (၁၅)ကောင်၊ ဝက်မွေးမြူသူအိမ်ထောင်စု(၈)စုရှိပြီး ဝက်ကောင်ရေ(၁၃)ကောင်၊ ကြက်မွေးမြူထားသည့် အိမ်ထောင်စု(၁၆၆)အိမ်ရှိပြီး ကြက်ကောင်ရေ (၈၀၁) ကောင်၊ ဘဲမွေးမြူထားသည့် အိမ်ထောင်စု(၁၀၅)အိမ်ရှိပြီး ဘဲကောင်ရေ(၅၄၁)ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပါတ်သတ်သည့် နည်းပညာများ မရှိသဖြင့် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

လှည်းဆိပ်ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်ဘဲ အခြားစီးပွားရေး လုပ်ငန်း လုပ်ကိုင်သူ များမှာ ဈေးဆိုင်၊ အရောင်းအဝယ်၊ကုန်ထုတ်လုပ်ငန်း၊ဝန်ထမ်း အစရှိသည့် လုပ်ငန်း များကို လုပ်ကိုင်ကြသည်။ နေ့စားအလုပ်လုပ် ကိုင်သူမူများမှာ ဈေးဆိုင် ဝန်ထမ်း၊ ပန်းရံ-လက် သမား အလုပ်သမားများ အဖြစ် သွားရောက်လုပ်ကိုင်ကြသည်။ တစ်နေ့လျှင် လုပ်အားခ ကျား (၅၀၀၀) ကျပ်၊ မ (၃၀၀၀) ကျပ် ရရှိပါသည်။ ကျေးရွာ**ရှိ** အိမ်ထောင်စုပေါင်း **(၂၂၇)စုသည် စိုက်ပျိုးရေးလုပ်ငန်း** လုပ်ကိုင်ကြသည်။ ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အသက်မွေး လုပ်ကိုင်နေကြသော မိသားစု၀င် များသည် အသက်မွေး၀မ်း ကျောင်းနည်းပညာနှင့် အသေးစား/ အလတ်စား စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ ၀န်ဆောင်မှုများ မရှိသဖြင့် အလုပ်နှင့် လိုက်လျော ညီထွေ ဖြစ်သော အတက်ပညာ များ ကျွမ်းကျင်စွာ တက်မြောက်မှု မရှိခြင်းတို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးပါသည်။ လယ်ယာသားငါးထွက်ကုန် မဟုတ်သော အခြားဒေသ ထွက်ကုန် များကို ရောင်းချရန် ဈေးကွက် အသင့်အတင့်**ရှိပါသည်။**

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ငွေချေးရန် အရင်းအမြစ်များမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဖြစ်သည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားများကိုသာ ထုတ်ချေးပြီး တစ်ဧကော လျှင် (၁၅၀,၀၀၀) ကျပ်နှုန်း ထုတ်ချေးပေးပါသည်။ အများဆုံး ထုတ်ချေးငွေမှာ (၁၀)ဧကာ၊ (၁,၅၀၀,၀၀၀) ကျပ် ဖြစ်သည်။ အတိုးနှုန်းမှာ (၀.၇၀) ကျပ်နှုန်း ဖြစ်ပြီး လတိုး ဖြစ်သည်။ ထုတ်ချေးသည့် ကာလမှာ (၆) လ ဖြစ်သည်။ လယ်သမားများအနေဖြင့် လုံလောက်သော ချေးငွေပမာဏအား နှစ်ရှည် (အနည်းဆုံး ၃နှစ်) ထုတ်ချေးမည် ဆိုပါက ပိုမိုအကျိုးရှိစွာ အသုံးချနိုင်မည် ဖြစ်ပေသည်။

UNDP ငွေကြေးဝန်ဆောင်မှုအဖွဲ့အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည်မှာ (၁၀)နှစ်ခန့် ရှိပြီဖြစ်သည်။ စိုက်ပျိုးရေးချေးငွေနှင့် ကျပန်းများအား ချေးငွေပူ၍ နှစ်မျိုးရှိသည်။ စိုက်ပျိုးရေးချေးငွေမှာ ပထမနှစ်တွင်(၂၀၀၀၀၀)ကျပ်ဖြစ်ပြီး ရိုးရိုးချေးငွေမှာ (၈၀၀၀၀) ကျပ်ဖြစ်သည်။ စိုက်ပျိုးရေးချေးငွေရရှိရန် ပုံစံ(၇)လိုအပ်ပါသည်။ကျပန်းမိသားစုများ အနေဖြင့် ငွေချေးရန် အခက်အခဲရှိနေပါသည်။ အဘယ့်ကြောင့်ဆိုသော် ပြန်လည်ပေးဆပ်သည့် ပုံစံမှာ နှစ်ပတ်လျှင် တစ်ကြိမ် ပြန်လည်ပေးဆပ်ရခြင်း၊ ပုံမှန်ဝင်ငွေရလုပ်ငန်းများ မရှိခြင်းတို့ကြောင့် ဖြစ်သည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ရန်ကုန်-ပုသိမ်ကားလမ်းမှ လှည်းဆိပ်ကျေးရွာသို့ (၃)မိုင် အတိုင်းအတာရှိသော ကျေးရွာ ချင်းဆက်လမ်းရှိပြီး လှည်းဆိပ်ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကုန်းလမ်းကို အသုံးပြု နိုင်ပါသည်။ ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့် လှေ(၅)စီး၊စက်လှေ(၂)စီး၊ စက်ဘီး (၁၁၉) စီး၊ မော်တော်ဆိုင်ကယ်(၁၁၄)စီး၊ သုံးဘီးဆိုင်ကယ်(၂)စီး၊ ထော်လာကျီ(၉)စီး၊ ကား(၅)စီး ကို ပိုင်ဆိုင်အသုံးပြုလျက်ရှိပါသည်။

ကျေးရွာတွင်းလမ်းမှာ (၂)ပေ(၆)လက်မ အကျယ် ကွန်ကရစ်လမ်းတစ်ခြမ်းဖြစ်ပြီး မိုးတွင်းအခါ ယာဉ် များ တိမ်းရှောင်ရာတွင် ရွံ့ဗွက်များဖြင့် လမ်းလျှောသဖြင့် ထိခိုက်မှုများ ဖြစ်ပွားလေ့ရှိပါသည်၊ ယခုအခါ ကျေးလက်ဦးစီးဌာန၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကွန်ကရစ်လမ်း အဖြစ်ကို ကျေးရွာလူထုမှ ကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသောကြောင့် အဆင်ပြေစွာ သွားလာနိုင်အောင် ဆောင်ရွက်နိုင်ပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာ မီးအလင်းရောင်အတွက် ဖယောင်းတိုင်နှင့် ဘတ်ထရီကိုသာ သုံးစွဲနေရပြီး၊ ဆိုလာမီး အလင်းကို အိမ်ခြေ (၁၂၉) အိမ်သာလျှင် မိမိ အစီအစဉ်ဖြင့်သာ ဝယ်ယူသုံးစွဲ နေပါသည်။ အခြားနည်း ဖြင့်ရယူအသုံးပြုသူ (၁၂၉)အိမ်ရှိပြီး လျှပ်စစ်မီးအသုံးမပြုနိုင်သော အိမ်ခြေ(၁၁) အိမ်ခြေ ရှိပါသည်။ လျှပ်စစ်ဓါတ်အားလိုင်းရယူသုံးစွဲနိုင်ရေး ကုန်ကျစရိတ်များသောကြောင့် လျှပ်စစ်မီးလင်း ရေးမှာ **ကြန့်ကြာနိုင်သေးပါသည်။ လျှပ်စစ်မီးလင်းရေး ဆောင်ရွက်နိုင်ပါက** ကျောင်းသူ/သားများ ပညာလေ့လာရန် **အဆင်ပြေမည်ဖြစ်ပြီး ကျေးရွာလူထုအတွက် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်လာ နိုင်ပါသည်။**

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း(၁၆၉)လုံး၊ ရေဒီယို (၈၈)လုံး၊ တီဗွီ (၅၇)လုံး စသည်တို့မှ ရရှိသည့်အပြင် Ooredoo, MPT, Mytel, Telenor ဖုန်းလိုင်းများ ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပေ။

၆။ ပညာရေး

လှည်းဆိပ်ကျေးရွာတွင် အခြေခံပညာမူလတန်းလွန်ကျောင်းရှိပြီး အဆိုပါကျောင်းဆောင်မှာ ၉၀'x ၃၀'x ၁၂'ရှိသော တစ်ထပ်အုတ်ကျောင်းဆောင် (၂)ဆောင်ရှိပြီး ဖြစ်ပြီး အရည်အသွေး ကောင်းမွန်မှုရှိပါသည်။ ကျောင်းအုပ် ဆရာကြီး (၁) ဦး၊ လက်ထောက် ဆရာ၊ ဆရာမ (၁၀) ဦး ရှိပါသည်။ ဆရာ၊တပည့် အချိုးအားဖြင့် (၄၀)အောက် ဖြစ်ပါသည်။ အခြေခံပညာမူလတန်းလွန် ကျောင်းတွင် ကျောင်းသူ/သား (၂၅၃) ဦး ရှိပါသည်။ သောက်သုံးရေကို ကျောင်းအတွင်းရှိ လက်နှိပ်တုံကင်မှ ရယူ သုံးစွဲပါသည်။ (၃) ခန်းတွဲ အိမ်သာ(၁)လုံးရှိပြီး ကျောင်းသူ၊ ကျောင်းသားများ အတွက် လုံလောက်မှု ရှိပါသည်။ ထိုင်ခုံနှင့် စာရေးခုံများ လိုအပ်ချက် ရှိပါသည်။

ကျေးရွာမှ (၃) နှစ် အထက် ကလေး(၂၂) ယောက်ကို မူကြိုကလေးများအဖြစ် သင်ကြား ပေးနေပါသည်။ တတ်နိုင်ပါက မူကြိုကျောင်းတစ်ဆောင် လိုအပ်နေပြီး ဆရာ၊ ဆရာမ အတွက် ကုန်ကျစရိတ်ကို မိဘများမှ ကျခံပေးနိုင်ပါသည်။ထို့အပြင် ကုန်ကျစရိတ်သက်သာသော ကလေး အားကစားကွင်းတစ်ခုလည်း လိုအပ်နေပါသည်။ သောက်ရေအတွက် အခက်အခဲရှိသောကြောင့် ကျောင်းသူ/သားများအတွက် ဂါလံ (၃၀၀၀)ဆံ့ မိုးရေလှောင်ကန် (၁)ကန် တည်ဆောက်နိုင်ပါက တစ်နှစ်ပတ်လုံးသောက်ရေဖူလုံနိုင်ပေမည်။ ကျောင်းသူ/သားများသည် ပန်းတနော်မြို့ရှိ အခြေခံ ပညာအထက်တန်း ကျောင်းများတွင် သွားရောက်ပညာသင်ကြားနေပြီး အောင်ချက်ကောင်းမွန်လာ စေရန် ကျောင်းသား/သူများကို တိုက်တွန်းအားပေးရန်နှင့် စာကျက်ဝိုင်းများ ပြုလုပ်ပေးရန်အတွက် မိဘများမှ ဝိုင်းဝန်းဆောင်ရွက်ရန်မှာ အရေးပါလှပါသည်။

ကျေးရွာတွင် စာမတတ်သည့် လူဦးရေ အနည်းငယ်သာရှိပါသည်။ မူလတန်းအဆင့် စာတတ် မြောက်သည့်လူဦးရေမှာ (၆၈.၇)ရာခိုင်နှုန်း အထိရှိခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သူ များမှာ (၁၅.၈)ရာခိုင်နှုန်း၊ အထက် တန်းအဆင့် စာတက်မြောက်သူများ မှာ (၁၀.၅)ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတက်မြောက် သူမှာ (၄.၅)ရာခိုင်နှုန်းတို့ ရှိခြင်း ကြောင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် လူစွမ်းအားအရင်း အမြစ်ကောင်း များဖြစ်ကြပါသည်။

၇။ ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက (၃)မိုင်အတွင်း ကွာဝေးသော ပန်းတနော်ဆေးရုံ တွင် သွားရောက်ကုသမှုခံယူရပါသည်။ပန်းတနော်ဆေးရုံတွင် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိပါသည်။ အသေးစား**ကျန်းမာရေးနှင့် ဆိုင်သော ဆေးဝါးများကို လှည်းဆိပ်ကျေးရွာအတွင်းရှိ ကုန်စုံဆိုင်များတွင် ရရှိနိုင်ပြီး ဆေးဝါးအစုံအလင်ကို ပန်းတနော်မြို့ရှိ ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းနှင့် ကျန်းမာ ရေး ဝန်ထမ်းရှိပါက ကျေးရွာလူထု ကျန်းမာရေးအတွက် ပိုမိုကောင်းမွန်သော အကျိုးသက်ရောက်မှု**

များရှိလာပါမည်။

ကျေးရွာတွင် အဝီစိစက်တပ်တုံကင်များ အများဆုံးအသုံးပြုလျက်ရှိပြီး သောက်သုံးရေ လုံလောက်မှုရှိပါသည်။ ရေအရည်အသွေးမှာ အတင့်အတင့်ရှိပါသည်။ ကျေးရွာရှိအိမ်ထောင်စု အားလုံးယင်လုံအိမ်သာ သုံးစွဲကြပါသည်။

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

လှည်းဆိပ်ကျေးရွာတွင် အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့်အိမ်ထောင်စုများနှင့် လက်လုပ်လုပ်စား၊ကျပန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ် ရိက္ခာများ မဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက် ခံစားရလွယ်ကူနိုင်ပါသည်။

လှည်းဆိပ်ကျေးရွာတွင် သဘာဝဆေးဘက်ဝင်အပင်များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များ၊ အနည်းငယ်ရှိပြီး၊ အိမ်ထောင်စုများမှ စားသုံးရန် ထမင်း၊ဟင်းများ ချက်ပြုတ်ရန် ထင်းများ ခုတ်ယူ သုံးစွဲသဖြင့် သစ်တောပြုန်းတီးမှုများအနည်းငယ်ရှိပါသည်။ မိုးရာသီတွင် ရာသီတုတ်ကွေး ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ တိဘီရောဂါဖြစ်ပွားသည့် လူနာ အနည်းငယ်ရှိပါသသည်။ တိရစ္ဆာန် ရောဂါ များသည် ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ခွာနာ၊လျှာနာ ရောဂါနှင့် ကြက်၊ ဝက်၊ တုပ်ကွေး ရောဂါများ ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။

၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ

လှည်းဆိပ်ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးမှာ အမျိုးသား ဦးရေထက် များပါသည်။ ကောက်စိုက်ချိန်တွင် အမျိုးသမီးတစ်ဦးလျှင် (၃၀၀၀) ကျပ်ခန့် ရရှိကြသည်။ ကောက်ရိတ်ချိန်တွင် အမျိုးသမီးတစ်ဦးလျှင် (၃၀၀၀) ကျပ်ခန့် ရရှိကြပါသည်။ **နေ့စားအလုပ် လုပ်ကိုင်သူများမှာ တစ်နေ့လျှင် လုပ်အားခ ကျား(၅၀၀၀) ကျပ်၊ မ (၃၀၀၀) ကျပ် ရရှိပါသည်။** ကျေးရွာ၏ စာတတ်မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက်တွင် အမျိုးသမီးဦးရေမှာ များပြားပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများတွင် အမျိုးသား များမှ ဦးဆောင်ပါဝင်ကြပါသည်။ သို့သော်လည်း ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ် ပိုင်ခွင့်များတွင်မူ အမျိုးသမီးများ၏အခန်းကဏ္ဍမှာအားနည်းနေဆဲဖြစ်ပါသည်။

ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ကျေးရွာအလိုက် ဦးစားပေးစီမံချက်များ စာရင်း

စဉ်	ကျေးရွာ	ကဏ္ဍအမည်	စီမံချက်	ဦးစားပေး အဆင့်	အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်း	မှတ်ချက်
၁	လှည်းဆိပ်	အခြေခံအဆောက်အဦ	ကွန်ကရစ်လမ်းခင်းခြင်း	၁	ကျေးလက်ဦးစီး/ကျေးရွာ	
၂	လှည်းဆိပ်	ငွေကြေးနှင့် ရင်းနှီးမြှုပ်နှံမှု	မတည်လည်ပတ်ရန်ပုံငွေရရှိလိုခြင်း	၂	ကျေးလက်ဦးစီး/ကျေးရွာ	
၃	လှည်းဆိပ်	ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဆေးပေးခန်း တည်ဆောက်ခြင်း	၃	ကျန်းမာရေး/ကျေးရွာ	
၄	လှည်းဆိပ်	မီးလင်းရေး	လျှပ်စစ်မီးလင်းရေးဆောင်ရွက်ခြင်း	၄	လျှပ်စစ်/ကျေးရွာ	
၅	လှည်းဆိပ်	ပညာရေး	စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း	၅	ပညာရေး/ကျေးရွာ	

ဘဝိုင်းကျေးရွာအုပ်စု၊ လှည်းဆိပ်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ စာရင်း

စဉ်	ကော်မတီဝင် အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးမြခိုင်	ဦးကျင်ဟုတ်	၁၄/ပတန(နိုင်)၀၁၃၃၉၂	၅၂	ဥက္ကဋ္ဌ	၀၉-၆၇၀၂၂၁၈၈၇
၂	ဦးထွန်းထွန်း	ဦးသိန်းမြ	၁၄/ပတန(နိုင်)၀၀၅၄၇၅	၅၁	ဥက္ကဋ္ဌ (ဝယ်ယူရေးဆပ်ကော်မတီ)	၀၉-၆၇၁၀၉၁၇၈၅
၃	ဒေါ်သင်းသင်းဆွေ	ဦးဝင်းအောင်	၁၄/ပတန(နိုင်)၁၅၃၄၅၁	၃၃	ဘဏ္ဍာရေးမှူး (ဝယ်ယူရေးဆပ်ကော်မတီ)	၀၉-၆၇၁၇၀၄၆၆၄
၄	နန်ရိုဇင်ကျော်	ဦးကျော်လှ	၁၄/ပတန(နိုင်)၁၈၃၈၃၄	၃၄	စာရင်းကိုင် (ဝယ်ယူရေးဆပ်ကော်မတီ)	၀၉-၇၈၅၂၁၉၂၉၈
၅	ဦးဝင်းထိုက်	ဦးအုန်းလေး	၁၄/ပတန(နိုင်)၁၆၈၀၈၃	၄၇	အဖွဲ့ဝင်	၀၉-၆၇၃၆၁၈၂၁၅
၆	ဦးမောင်မောင်ကြီး	ဦးအောင်မင်းရွှေ	၁၄/ပတန(နိုင်)၂၄၁၆၀၈	၂၈	အဖွဲ့ဝင်	၀၉-၉၈၉၈၉၉၃၅၈
၇	ဦးစိန်မြလင်း	ဦးကြင်အောင်	၁၄/ပတန(နိုင်)၁၄၁၃၆၈	၄၃	အဖွဲ့ဝင်	၀၉-၂၆၂၄၅၉၁၀၈
၈	ဒေါ်ချိုချိုစန်း	ဦးချိုပို့	၁၄/ပတန(နိုင်) ၁၁၅၃၄၉	၄၂	အဖွဲ့ဝင်	၀၉-၆၉၁၂၂၃၉၈၀
၉	နော်သွဲဝါး	ဦးမေရုက်	၁၄/မအပ(နိုင်)၁၄၉၀၇၀	၄၉	အတွင်းရေးမှူး	၀၉-၇၈၆၇၆၈၈၃၁

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၂	၄	၆		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၃၁	၂၆	၅၇		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၄၈	၂၂	၇၀		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၄၅	၄၁	၈၆		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၄၂၁	၄၅၃	၈၇၄		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၂၇	၃၄	၆၁		
စုစုပေါင်း		၅၇၄	၅၈၀	၁၁၅၄		
စုစုပေါင်း အိမ်ထောင်စု		(၂၇၈)အိမ်ထောင်စု				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စုခန့်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ် မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။။။ ကျွန်တော်တို့ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၂၇၈)အိမ်ထောင်စုရှိပြီး ၄င်းအိမ်ထောင်စု လူဦးရေမှာ(၁၁၅၄)ဦးရှိပါသည်။ ၄င်းလူဦးရေတွင် ကျား(၅၇၄) ဦးရှိပြီး မဦးရေ(၅၈၀)ဦး ရှိပါသည်။ ကျေးရွာအတွင်း၌ အလုပ်လုပ်နိုင်သူဦးရေမှာ ၈၇၄ဦးရှိပြီး ကျေးရွာ၏ စုစုပေါင်းလူဦးရေ ၏ ၇၆ ရာခိုင်နှုန်း ရှိကာ မှီခိုသူဦးရေနည်းပါးပါသည်။ သက်ကြီးရွယ်ကြီးဦးရေမှာ ကျေးရွာရှိ လူဦးရေ၏ (၅) ရာခိုင်နှုန်းသာ ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၂၀၃	၆၁၆	၂၄	၃၂၁	၂၉၅	၆	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂၄	၆၉	၁	၃၅	၃၄		မြင့် ☐ လတ်☑ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၂	၄		၄			မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း	၃	၁၅	၁	၆	၉		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား							မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေျာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	/ ဝန်ထမ်း							နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၂	၄		၂	၂		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေျာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	ပညာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁		၁			မြင့် ☐ လတ်☑ နိမ့် ☐
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	လူမှုရေး လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း	၂	၂		၁	၁		☒

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၄၀	၁၀၈	၉	၅၄	၅၄		
၂	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း	၂၇၅	၈၁၅	၃၅	၄၂၀	၃၉၅	၆	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"**ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။။။ ကျွန်တော်တို့ကျေးရွာတွင် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စု(၂၁၀)စုရှိပြီး မိသားစုဝင် လုပ်အား (၆၃၇)ဦးဖြင့် လုပ်ကိုင်ကြပါသည်၊ ဝင်ငွေအားဖြင့် အသင့်အတင့်ရှိပြီး စိုက်ပျိုးရေး လုပ်ငန်းဖြစ်သော စပါး နှင့်ကွမ်းကိုသာ အဓိကစိုက်ပျိုးပြီး အခြားသီးနှံများလည်း စိုက်ပျိုးကြပါသည်။ကျန် အိမ်ထောင်စုများမှာ လက်လုပ်လက်စား ကျပန်းလုပ်ကိုင်သူများနှင့် ဝန်ထမ်းများ ဖြစ်ကြပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၃၀၀၀	၅၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၅၀၀၀	၄၀၀၀	၅၀၀၀	၄၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ–လက်ကား ရောင်းဝယ်ရေး	နေ့စား	၅၀၀၀	၃၀၀၀	၅၀၀၀	၃၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၅၀၀၀	၃၀၀၀	၅၀၀၀	၃၀၀၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။။။ လှည်းဆိပ်ကျေးရွာတွင် လယ်နှင့်ကိုင်းလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပြီး ယောကျ်ားလေးများ၏ အများဆုံး–အနည်းဆုံး တနေ့လုပ်အားခမှာ (၅၀၀၀)ကျပ်ဖြစ်ပြီး၊ အမျိုးသမီးများ၏ တနေ့ လုပ်အားခမှာ အများဆုံး (၄၀၀၀)မှ အနည်းဆုံး(၃၀၀၀) ကျပ် ရရှိသည်ကိုတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ–၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၃၄၈	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၃၂	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၂၇.၄	ကောင်း ☐	သင့်☑	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)
ကိုင်း/ကျွန်းမြေ	၁၁၈.၉	ကောင်း ☐ သင့်☑ ညံ့ ☐
ခနိတောမြေ		ကောင်း ☐ သင့်☐ ညံ့ ☐
စားကျက်မြေ		ကောင်း ☐ သင့်☐ ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐ သင့်☐ ညံ့ ☐
စုစုပေါင်း	၅၂၆.၃	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။။။ လှည်းဆိပ်ကျေးရွာတွင် လယ်ဧက (၃၄၈)ကျော်ရှိပြီး လူအများစုမှာ စပါးစိုက်ပျိုးခြင်းလုပ်ငန်းလုပ်ကိုင်ကြပြီး ပဲနှင့် ဂျုတ်တို့ကို အနည်းငယ်စိုက်ပျိုးကြောင်းတွေ့ရှိရပါသည်။ မြေဆီလွှာအရည်အသွေး အတင့်အသင့် ကောင်းမွန် ပါသည်။ကိုင်းမြေများတွင် ကွမ်းပင်များ စိုက်ပျိုးကြပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☑ နည်း ☐မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑တိုး ☐ အပြောင်းအလဲမရှိ ☐

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☑ နည်း ☐ မရှိ ☐	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ – မြေပေါ်ရေ (အင်းအိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော – အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော – ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။ လေ့လာတွေ့ရှိချက်။။။ လှည်းဆိပ်ကျေးရွာ ပတ်ဝန်းကျင်တွင် သဘာဝအတိုင်းရရှိနိုင်သော သဲကို မြစ်ချောင်းများအနီးတွင် ထွက်ရှိကြောင်းတွေ့ရှိရသည်။ အခြားသတ္တုနှင့် တွင်းထွက်ပစ္စည်းများ ကျောက်ခဲ၊ ကျောက်စရစ်များ မထွက်ရှိပါ။ ဆေးဖက်ဝင်အပင်များ အနည်းအကျဉ်းရှိသော်လည်း အသုံးပြုမှု နည်းပါးပါသည်။မြေအောက်ရေကိုသည်း အသုံးချနိုင်မှုရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၂၉	၈၇	၁၂၂	၄၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။။။ အဆင်ပြေသောအိမ်ထောင်စုများတွင် မြေယာပိုင်ဆိုင်မှုများရှိခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းကိရိယာများနှင့် အိမ်အခြေအနေကောင်းမွန်မှုရှိကြောင်းတွေ့ရှိရပြီး ၊အလယ်အလတ်ရှိသော အိမ်ထောင်စုများ တွင် မြေယာပိုင်ဆိုင်မှု အသင့်အတင့်ရှိကြောင်း တွေ့ရှိရသည်။ အိမ်အခြေအနေမှာလည်း အသင့်အတင့် ကောင်းမွန် ကြောင်း တွေ့ရှိရပါသည်။ မပြေလည်သော အိမ်ထောင်စုများသည် အိမ်အခြေအနေညံ့ကြောင်းနှင့် အလွန်အဆင်မပြေ သော အိမ်ထောင်စုများတွင် အိမ်အခြေအနေ အလွန်ညံ့ကြောင်း ၊မြေယာပိုင်ဆိုင်မှုနှင့် ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှုမရှိကြောင်း တွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု	၅	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = ၃ ချေးယူ = ၁ လုပ်အားခကြိုယူ = ၁
၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု	၄၄	၈	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၃၆ လုပ်အားခကြိုယူ = ၈
၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ =_____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။။။ ကျွန်တော်တို့ကျေးရွာတွင် အိမ်ထောင်စု (၂၇၈)စု ရှိသည့်အနက် အထောက်အပံ့ယူသည့် အိမ်ထောင်စု (၃)စုရှိပါသည်။ ကျန်မိသားစုများမှာ ချေးယူသုံးစွဲသည့်အိမ်ထောင်စု (၃၇)စုနှင့် လုပ်အားခကြိုယူသုံးစွဲသည့် အိမ်ထောင်စု (၉)စု နေထိုင်ပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၅		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။
လေ့လာတွေ့ရှိချက်။။။ ကျွန်တော်တို့ကျေးရွာတွင် သက်ကြီးရွယ်အိုများမှာ မိသားစုစောင့်ရှောက်မှုရရှိသူများဖြစ်ပြီး ဆင်းရဲ၍ မိသားစုများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု (၅)စုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(c-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ
ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု						
၂	လျှပ်တပြတ်ရေကြီးခြင်း						
၃	မုန်တိုင်းဒီရေ						
၄	ဆူနာမီ						
၅	တိုင်ဖုန်းမုန်တိုင်း						
၆	လေဆင်နွာမောင်း						
၇	ငလျင်						
၈	အပူလှိုင်း						

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု						
၁၀	အအေးလှိုင်း						
၁၁	မိုးသီးကြွေကျမှု						
၁၂	မိုးခေါင်ခြင်း						
၁၃	တောမီးလောင်ခြင်း						
၁၄	မြစ်ကမ်းပါးပြိုခြင်း						
၁၅	ကမ်းရိုးတန်းတိုက်စားမှု						
၁၆	မြေပြိုခြင်း						
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု		√		√		
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)		√		√		
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း						
၂၀	သစ်တောပြုန်းတီးခြင်း						
၂၁	ငှက်ဖျားရောဂါ						
၂၂	တီဘီရောဂါ						
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ						
၂၄	ကပ်ရောဂါ						
၂၅	ပြည်တွင်းပဋိပက္ခ						
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု						
၂၇	လူကုန်ကူးခြင်း						
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေ	√				√	

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	ေးခက်ခဲခြင်းစသည်						

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။
မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။ အိမ်ထောင်စုဝဝတွင် ၂၅အိမ်ထောင်စုအောက် - နိမ့် အိမ်ထောင်စုဝဝတွင် ၂၅မှ၅၀အိမ်ထောင်စု - လတ်၊ အိမ်ထောင်စုဝဝတွင်၅၀အိမ်ထောင်စုအထက် - မြင့်)
